# ပိုင်ဆိုင်ရမည့်ညများ

သားရေ–
အဖေ၊ အမေ၊ အဘိုး ၊အဖွား
နှစ်နှစ်ကာကာ ချစ်ရတဲ့
ဗမာပြည်ကြီး နဲ့
ဟောဒီကမ္ဘာမြေရော
မင့်ကြောင့်တော့
အမုန်းစိတ်တွေ
မဖြစ်စေနဲ့
မဖြစ်စေရဟု၊
ကတိပြုပါ–သား
လူမျိုးရေး မုန်းတီးစိတ်
ဘာသာရေးမုန်းတီးစိတ်
ဒီစိတ်တွေအခြေခံ
အမုန်းကြောင့်ဖြစ်ပွားရတဲ့စစ်တွေ
တာဝါညီနောင်ပြိုလဲခဲ့ရ
နယူးယောက်မြို့ကြီးလည်း
တစပြင်တဖြစ်လဲ
မလှပခဲ့တဲ့ ၉၊၁၁ ညတွေ
ဒီညတွေ
ဒီညမျိုးတွေ
သား သိထားတဲ့ ညတွေပေါ့
သားရေ . . . . .
အရိုးတွေ တောင်လိုပုံမှရ မယ်ဆိုရင်
ငါတို့ကျောင်းသားတွေရဲ့အရိုးဟာ
အောက်ဆုံးအလွှာမှာ ရှိစေရမယ်ဆိုတဲ့

ကျောင်းသားခေါင်းဆောင်
အဖေတို့ရဲ့ခေါင်းဆောင်
ကိုလှရွှေရဲ့စကား
အမုန်းစိတ်မရှိ
တရားမျှတစိတ်
ထာဝရဖြူစင် မြင့်မြတ်တဲ့
ကျောင်းသားစိတ်အပြည့်နဲ့
ထ ဆင်ထူးကို တမြည်မြည်သင်
ထီမထင်ကျောင်းတော်သားတွေမို့
အဘမှိုင်းကို ဦးထိပ်ဆင်
တပ်ဦးတခွင်မှာဒေါင်းအလံလွင့်
အာဏာရှင် တစုကို သက္ကရာည်ဆိုးတွေမှာထည့်သွင်း
အဖေတို့ နှလုံးသားမှာ
ရာဇဝင်ဓါးသွားတလက်
အခင်းထက်ခဲ့တဲ့
**၈၈၈၈** ရဲ့ညတွေ
ညတွေ
ညတွေ
အဖေတို့ ပိုင်ဆိုင်ခဲ့တဲ့ညတွေပေါ့။
သားရေ .....
လွတ်လပ်ရေးရပြီးလို့
တိုင်းပြည်ကို ပြန်လည်ထူထောင်တဲ့အခါ
ဒီမိုကရေစီဝါဒသာလျှင် တိုင်းပြည်အတွက်
အသင့်တော်ဆုံးဘဲဆိုတဲ့
ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားနဲ့
ဒီမိုကရေစီမှဒ်ဦးကို
ယုံကြည်ချက်စိတ်ဓာတ်တွေ
တံတားခင်း
အရှိန်ပြင်းတဲ့ ရထားတစင်းဟာ
ညတွေကိုလင်းလက်စေလိမ့်မယ်
အဲဒီည.....
အဲဒီည .....
အဲဒီည..........

ငါ့သား

သားတို့ပိုင်ဆိုင်ရမယ့်ညတွေပေါ့

ဘိုဘိုဝင်း (အိုးဝေစက်ဘပူ)